Association of United Nationalities in Japan
在日ビルマ連邦少数民族協議会
東京都新宿区下落合 2-1-8 三栄ビル 205
ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်)
205 San E Bldg. Shimoochiai 2-1-8
Shinjuku-ku 161-0033 Tokyo, Japan
Tel/Fax – 03-3565-2411., aunjp2003@yahoo.com

# ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်)၏ထုတ်ပြန်ကြေငြာချက်

ရက်စွဲ ၂၀၀၇ ခုနှစ် စက်တင်ဘာလ (၂၄)ရက်။

၁။ ယနေ့ မြန်မာပြည်တွင်း၌ မြန်မာတမျိုးသားလုံး၊ အတိဒုက္ခဆင်းရဲကြပ်တည်းမှုနှင့် ရင်ဆိုင်နေရချိန်တွင် နအဖ၊ စစ်အုပ်စု၏ ဆီဈေးနှုန်း အဆမတန်တိုးမြှင့်သတ်မှတ်ရာမှစ၍ ဘုရားသားတော် ရဟန်းသံဃာများ၊ ၈၈မျိုးဆက်ကျောင်းသားများ၊ ရပ်ရှင် ဂီတအနုပညာရှင်များမှ ငြိမ်းချမ်းစွာ စိတန်းလှည့်လည်ဆန္ဒပြပွဲများနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု၏ အထွေထွေသပိတ်ကြီးအား ကျွန်ုပ်တို့ ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်) (AUN-Japan) မှ လှိုက်လှဲစွာ ကြိုဆိုလိုက်ပါသည်။

၂။ ပခုက္ကူမြို့မှ သံဃာထု၏ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်လမ်းလျှောက်ရာတွင် နအဖလက်ပါးစေများမှ ဘုရားသားတော် ရဟန်းသံဃာများအား လူမဆံစွာ ကြိုးကွင်းပစ်ဖမ်းဆီးခြင်း၊ စစ်တွေမြို့မှ သံဃာထု၏ ငြိမ်းချမ်းစွာလမ်းလျှောက်ချီတက် ဆန္ဒပြရာတွင် မျက်ရည်ယိုဗုံးများဖောက်ခွဲခြင်းစသည့် သံဃာထုအား နအဖစစ်အုပ်စု၏လုပ်ရပ်အား ကျွန်ုပ်တို့ ညီညွတ်သော တိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်)(AUN-Japan) မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါသည်။

၃။ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု၏ ပတ္တနိက္ကုဇ္ဇနကမ္မကံဆောင် သပိတ်မှောက်ခြင်းနှင့် မြန်မာနိုင်ငံအနှံ့ သံဃာတော်များနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်) (AUN-Japan) မှ ထောက်ခံလိုက်ပါသည်။

၄။ ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့((UNA)၏ ထုတ်ပြန်ကြေငြာချက်ဖြစ်သည့် သံဃာ့တပ်ပေါင်းစု၏ အထွေထွေသပိတ်လမ်းလျှောက်ချီတက်ဆန္ဒပြပွဲတွင် သံဃာထုနှင့်အတူ ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့ (UNA) ဥက္ကဌ ဦးပုကျင်ရှင်းထန်၏ အတူပူးပေါင်းဆောင်ရွက်ခြင်းအပေါ် ကျွန်ုပ်တို့ ညီညွတ်သောတိုင်းရင်းသားများ အဖွဲ့အစည်း(ဂျပန်) (AUN-Japan) မှ လေးနက်စွာ ထောက်ခံအပ်ပါသည်။

ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်) (AUN-Japan)

(1) Democracy for Kachin National (Japan)
(2) Karen National League (Japan)
(3) Chin National Community (Japan)
(4) Naga National Society (Japan)
(5) Palaung National Society (Japan)
(6) Punnyagari Mon National Society (Japan)
(7) Arakan League for Democracy (Exile-Japan)
(8) Shan National for Democracy (Japan)

*Jhk*